စိတ်ကူးချိုချိုအနုပညာ
mgyoe.com



ကာတွန်း
# တင်အောင်နီ
## တိမ်ဦးလေပြေ လောင့်ကိုစေ



ဝတ္ထု - ဘုံပေါက်သာကျော်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ကာတွန်း

# တင်အောင်နီ

## တိမ်ဦးလေပြေ
## လောင့်ကိုစေ




TAN0002
1,500.00 KS

mgyoe.com

mgyoe.com

mgyoe.com

# တိမ်ဦးလေပြေ
# လောင့်ကိုစေ





mgyoe.com

mgyoe.com

ဝတ္ထု

ဘုံပေါက်သာကျော်



mgyoe.com

mgyoe.com

ကာတွန်း

တင်အောင်နီ



mgyoe.com

mgyoe.com






ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ DUTY (ဂျူတီ)စာပေ (၀၂၀၇၇)
အမှတ်(၄၉၉)၊ ၆-လွှာ(က)၊ မှော်ရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ - ဦးစန်းဦး၊ SKCC Press (၀၀၄၁၃)
၆၇၊ ၁၆၄ လမ်း၊ တာမွေ။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊
(၁၉၇၉ ကျော်ကျော်စာပေ၏ ပထမအကြိမ်မှ)
တန်ဖိုး - ၁၅၀၀ ကျပ်

mgyoe.com

mgyoe.com

အချစ်ရေ
ကောင်းကင် ပြာပြာကို ပွတ်တိုက်ပြီး
လေဟင်ရာကို ရွေ့လျား ခရီးနှင်နေတဲ့
တိမ်ဖြူဖြူကလေးတွေကို ကြည့်ပြီး
လှောင့်စိတ်တွေ လွမ်းငွေ့ တွေဝေနေ
ပြီကွယ်..။
အခုလို အခါမျိုးမှာ အချစ် ဘယ်ဆီ
မှာလဲကွယ်..
တိမ်ဦး လေပြေကလေးတွေရယ်..
အချစ်ရှိရာလို..
မင်းတို့နဲ့အတူ
ဆောင်ပါ ဝေးဝေး လိုက်ပါ ပါရစေ
လားကွယ်..


တိမ်ဦးလေပြေ လှောင့်ကိုစေ




mgyoe.com

gyee.com

ကိုပြာလောင့်ဖာသို့ လေယာဉ်ကို မောင်းနှင်ထိန်းသိမ်း
နေရသော်လည်း သူ့ရှေ့မှန်ကို ဖေါက်ထွင်းပြီး မြင်နေ
ရသော ရွေ့လျားနေသည့် တိမ်ကလေးများနှင့်အတူ
စိတ်တို့မှာ ပျံ့လွင့်၍ နေလေသည်။




(ကပ္ပတိန် ကော်ဖီသောက်အုံးမလား) သူ့နောက်ကျော
မှ လေယာဉ်မောင်း အခန်းထဲကို ဝင်ရောက်လာသော
သာယာချိုအေးသည့် အသံလေးက သူ့ကို အတွေး
အေးစက်မှုထဲမှ ဆွဲထုတ်လိုက်သည်။




နောက် လှည့်မကြည့်ပဲ ကျိုပြာလောင် သိလိုက်ပါ၏
ဘယ်သူမှ မဖြစ်နိုင်။ လေယာဉ်မယ်လေး ပုလဲပင်
ဖြစ်မည်။ (ကျေးဇူးပဲ မပုလဲရေ.)



မကြာမီ ပုလဲသည်၊ ကော်ဖီခွက်ကလေးကို
ကိုင်ကာ သူ့ဘေးနားကို ပြန် ရောက်ရှိလာသည်။
နောက်မကြည့်ပဲနှင့် သိသည်။ ကော်ဖီမှာ သူ့
အကြိုက် အချိုပေါ့ ခါးခါးသာ ဖြစ်ရမည်။



ကော်ဖီခွက်ကို သူ လှမ်းယူလိုက်သည်။ ပုလဲသည် အစစအရာရာ သူ့ကို အလိုလိုက် အကြိုက် သိသူဖြစ်သည်။ အများကလည်း သူတို့ နှစ်ဦးကို စ ကြည့်ကြသည်။



သူ့ဘေးတဘက်ဝယ် ထိုင်နေသော လက်ထောက် လေယာဉ်မှူး ကျော်ခိုင်းကပင် သူတို့ကို လှမ်း၍ ကြည့်ကာ ငါးခူပြုံးပြုံးလိုက်၏။ (ကပ္ပတိန်တို့များ မျက်နှာကြီးပါပေ့ )





(မျက်နှာကြီးတော့ မျက်နှာသစ်ရတာ ပင်ပန်းတာပေါ့ကွ) ရှက်သွားသော ပုလဲကို အရှက်ပြေ ကိုဖြူလောင်းက ရယ်စရာ စကားနှင့် ဖါထေးလိုက်ရသည်။




ပုလဲက သူတို့ အခန်းထဲမှ ပြန်လည် ထွက်ခွာသွား၏။ (ဘယ်လိုလဲ ကပ္ပတိန်။ ကျွန်တော်တို့က ဘယ်တော့ စားရ သောက်ရမှာလဲ) ကျော်ခင်းက အတွန့် တက်နေသေး၏။






(ကဲ- စကားပိုတွေ ပြောမနေနဲ့၊ မောင်ကျော်မင်း။ ဆင်းရဖို့ နီးပြီ။ လေထိပ် ဖျော်စင်နဲ့ ဆက်သွယ်ဖို့ မှင်ဆင်)ကိုပြာလောင်က စကားကို လွှဲလိုက်သည်။
မှန်ပါသည်။ ဘိုရင်း ဂျက်လေယာဉ်ပျံကြီးမှာ မကြာမီ မင်္ဂလာဒုံ လေယာဉ်ကွင်းကို ခြေချ ဆင်းသက်ပါတော့မည်။


လေဆိပ်ရှေ့မှာ ရပ်ထားသော သူ့ကားလေး၏
တံခါးကို ဆွဲဖွင့်ကာ ကိုပြာလောင် တက်ရန် ပြင်
လိုက်သည်။ (အစ်ကို အစ်ကို ခဏ နေပါဦး )
သူ့ဘေးကို ပူလဲရောက်လာသည်။ ပူလဲသည်
တာဝန်ချိန် မဟုတ်လျှင် သူ့ကို ကပ်တိန်လို့မခေါ်
အစ်ကိုဟုသာ ခေါ်တတ်သည်။ (အစ်ကို အိမ်ပြန်
မှာလား ဟင်။ )
mgyoe.com



(ဒါပေါ့ ဇရပ်ကို ပြန်မှာတော့ မပူတော့ပါဘူး။)
ခလေယာဉ်မယ် ယူနီဖေါင်း ဖြစ်သော အချိတ်ထဘီ နှင့်
အင်္ကျီအပြာနု လက်ရှည်ကို ပုလဲသဘည် လဲလှယ်ခဲ့ပြီးပြီ။
အခုတော့ ခေတ်မီ ဟာဆင်ဓာပြင်နှင့်။
(အစ်ကိုကတော့ ငေါ့ပြီ။ ဟိမ်ကို ပြန်မှာတော့
ဆိုတာပေါ့။ ဒါပေမယ့် လူပျိုကြီး တကိုယ်ထီးဖိုဖို
ခရီးတထောက်မှာ အဖျော်ယမကာလေး ဖျား
ဝင်သောက် နေမှုံးမှာလားလို့။)


ပုလဲစကားကို ကိုပြာဟောင် သဘောကျ ကာ ပြုံးမိသည်။ သူသည် ထာဝစဉ် အသောက်သမား မဟုတ်သော်လည်း တခါတရံ အတိုက်ကလေးမှာ မဖြေသာအောင် နှိပ်စက်လာလျှင်ဖြစ်စေ။
သို့မဟုတ်၊ ယခုလို နိုင်ငံခြား ခရီးစဉ်ကို ပျံသန်း မောင်းနှင်ပြီး တာဝန်မှ ထွက်ခိုက် ငြိမ်းငြိမ်း ဓိဓိ မနေဒိမလည် ဖြစ်နေလျှင် ဖြစ်စေ၊ တခွက်တဖလား မှိုင်ဝဲတတ်သူ ဖြစ်သည်။



(ပုလဲပြောပုံက ကိုယ့်ကိုများ စိုးဆရာကျနေ
တာပဲ။ ကိုယ်က သောက်ယင်လဲ နည်းနည်းပါးပါး
လက်သုံးလုံးလောက်ပဲ)(ဘယ်သူ့လက်လဲ အစ်ကို)
(ကင်းကောင် လက်နဲ့လေ) နှစ်ယောက်လုံး ရယ်မိ
ကြသည်။ တာဝန်ချိန် ပြင်ပဆိုလျှင် ကိုပြာဖောင်
ကလည်း သူတို့ကို လိုက်လိုက်လျောလျော
ဆက်ဆံတတ်သည်။



အထူးသဖြင့် ပုလဲကို ညီမလေး တစ်ယောက်လိုပင် သဘောထားကာ ဆိုးမျိုး ကောင်းမျိုး ခံ၏။ ပုလဲ၏ နှလုံးသားက နယ်လွန် လာချင်တာကိုတော့ သူလည်း မတတ်နိုင်။
(အလကားပါ ပုလဲရယ်၊ ကိုယ့်အိမ်ကိုပဲ တန်းတန်း မတ်မတ် ပြန်မှာပါ။ ပြီးတော့ ပုလဲအိမ်ကိုလဲဝင်ပို့ ပေးပါ့မယ်ခင်ဗျာ။ ဟုတ်ပြီလား။)


(ဒီလို လိမ္မာမှပေါ့) ပုလဲက ပြောပြောဆိုဆို ကားထဲ ဝင်ထိုင်လိုက်သည်။ ပုလဲတို့ တိုက်က ကိုးမိုင်မှာ။ ကိုပြာလောင်တို့ တိုက်က ၃ မိုင်ခွဲ သည်လိုပင် လမ်းကြုံ လိုက်နေကျ။





ကိုပြာလောင် လေဆိပ်ရှေ့မှာ သူ့ကားလေးကို မောင်းနှင် ထွက်ခွာလာခဲ့သည်။





နောက်နေ့ လေဆိပ်အဆောက်အအုံ ထဲရှိ စားသောက်ဆိုင်ထဲဝယ် ဖြစ်သည်။ ကိုဖြာလောင်နှင့် အပေါင်းအသင်း လေယာဉ်မှူးများ အဖွဲ့ကျနေကြ၏
(ဘယ်လိုလဲ ဆရာသမား။ မေပုလဲနဲ့ ရွှေလည် မတွေ့သေးဘူးလား)(ဟာ.. အသံကြောင့် ဖါးသေတော့ မှာပဲ )



(မင်းတို့ ပေါက်ကရတွေ မပြောနဲ့ကွာ၊ ကောင်မလေးနဲ့ ငါနဲ့က ရိုးရိုး ခင်တာကွ)(အော် အချိုးထဲက ခင်တယ် ပြောတာလား)
(အစက ရိုးရိုး၊ နောက်တော့ ကုယ်ပိုးတိုးလို့)
(ဟာ အဲဒါက သမဝါယမလူကြီးကို စောင်းဆိုတာပဲ)
ယမကာလေးများ ကိုယ်စီခွင့်မို့ ဘာသွက် လျှာသွက် ဖြစ်နေသည်။
၃၄



(မင်းတို့လဲ ငါနဲ့ ပေါင်းနေတာ ကြာပြီဆိုတော့ ငါ့အကြောင်း သိသင့်သလောက် သိပါတယ်ကွာ။ ငါ့မှာ နှလုံးသား ရေးရာနဲ့ ပတ်သက်ပြီး၊ ကြေကွဲစရာ အတိတ်တခု ရှိခဲ့ဘူးတယ် ဆိုတာ။)
(ဦးကျားဖိုးမှာ စိတ်အဆင်းရဲခံပြီး၊ ဒီအာပေါဟောင်း အချင်း ကိစ္စတွေကို ဖက်တွယ်ထားတယ်။)(ကျုပ်တို့ ကတော့ ဝမ်းဂိုး၊ တူးကိုယ်း။ သရီး ဗိတ်ပဲ။)



(ရှင်းစေခ်းပါဆိုးဟာ)(တယောက်သွားယင်၊ ၂ယောက်
လာလိမ့်မယ်။ သုံးယောက် စောင့်နေလိမ့်မယ်
ပြောတာ။ ) ဝိုင်းဟား ကြပြန်သည်။
(မလုပ်ပါနဲ့ကွာ။ နောက်လာတဲ့ မောင်ပုလဲ
ဗိုင်းလုံထက် ကဲဆိုတဲ့ စကားသာ ရှိတာ။ ဒါခု
နောက်လာတဲ့ မေပုလဲ ဗိုင်းလုံထက် ကဲနေပါဦးမယ်


ဒီမေလ်လီနဲ့သာ ရှေ့လျှောက်တွဲရမယ် ဆိုယင်တော့၊ မိုင်ထိုန်
ထက် ကဲတာလဲ ဒုရဲပါတယ်)(ကဲပေ့ တော်ကြစမ်း
ကွာ၊ ပီစကား ပီမှာတင် ရပ်ကြတော့။)
(မင်းတို့ကို ငါ ကြိုဖိတ်သွားမယ်လို့ကွ။ လာမယ့်
ဗုဒ္ဓဟူးနေ့မှာ ငါ့အိမ်မှာ ဆွေးနွေးပွဲ လုပ်မယ်။ အဲဒီ
အားလုံး လာကြနော်)(ဟူးရား)



ကိုပြာလောင်တို့ အိမ်ဝယ် ကျင်းပသော ညစာစားပွဲ။
ထူးထူးခြားခြား ထင်ထင်ပေါ်ပေါ် လှနေသူကလေး
ကတော့ မေပုလဲ။
ပုလဲက ကိုပြာလောင့် ဘေးမှ လိုက်ပါကာ
စားပွဲခုံ တခုံမှတခုံ ကူး၍ ရောက်လာသူများကို
နှုတ်ဆက်နေသည်။ မားလုံးက သူတို့နှစ်ဦးကို
ကြည့်၍ ပြုံးစိစိ။
၁၈


ဧည့်ပရိသတ်များ အလျိုအလျို ပြန်သွားကြသောအခါ၊ ကျိုပြာလောင်နှင့် ပုလဲတို့သာ ကျန်ခဲ့တော့၏။ ပုလဲက ရှုပ်ပွနေသော ဧည့်ခန်းကို သိမ်းဆည်းယင်း ကျန်ခဲ့သည်။
(လေး ပုလဲ၊ လာစမ်းပါဦး။ ဒီသူတို့ဟာ သူတို့ ရှင်းပါလိမ့်မယ်။ အခုမှ ကိုယ် သတိရတယ်၊ အခု အချိန်ထိ ပုလဲ ကိုယ့်ကို ဘာမွေးနေ့ လက်ဆောင်မှ မပေးရသေးဘူး နော်။
၃၀



(ပေးမလို့ပါပဲ ဖာစ်ကိုရဲ့။ လူမရှင်းသေးတာနဲ့ ) ဆို၍
လက်ကိုင်အိတ်ကို ဖွင့်ကာ ရှည်မျောမျော ဖာရာလေး
တခုကို ထုတ်ယူကာ ကိုပြာလောင့်ကို လှမ်းပေးလိုက်သည်
ကိုပြာလောင် ဖွင့်ကြည့်လိုက်တော့ နိုင်ငံခြားဖြစ်
သွားပွတ်တံလေးတခု။ ပုလဲစီ မထူးပဲ ဆန်းနေသည့်
လက်ဆောင်ကို ကြည့်၍ ကိုပြာလောင် ပြုံးမိသည်။


(သွားပွတ်တံကြီးပါလား ပုလဲရဲ့)(အိပ်ရာထ တိုင်း သွားတိုက်ရမယ် မဟုတ်လား အစ်ကိုရဲ့၊ ဒါတော့ ပုလဲကို မနက်တိုင်း သတိရနေအောင်ပေါ့) သူ့ အယူအဆကလည်း ဆန်းဆန်းပင်။
ကိုပြာလောင့် မျက်လုံးထဲဝယ် တခါက မွေးနေ့ ဟောင်းလေး တခုကို ပြန်လည် မြင်ယောင်နေ၏။ တခါက၊ သူငယ်စဉ်အခါက။ မြစမ်းရည် ဆိုသော ကောင်မလေးသည်လည်း သူ့ကို မွေးနေ့လက်ဆောင် ပေးခဲ့ဘူးပါသည်။
၂၁

မြစမ်းရည် ပေးသော ဗူးကလေးကို သူ ဖွင့်ကြည့်
လိုက်တော့ ဖာထဲဝယ် သံထည်ဖြင့် လုပ်ထားသည့်
လေယာဉ်ပျံကလေး။ (ဟာ လှလိုက်တာ ကျေးဇူးပဲ
မြစမ်းရည်။ )



(ဖော - မြလောင်။ နင်က ကြီးလာယင် ပိုင်းလော့ကြီး
လုပ်မယ်ဆို။ ဒါကြောင့် လေယာဉ်ပျံကို ငါက မွေးနေ့
လက်ဆောင် ပေးတာပေါ့ဟဲ့။ )




(ဟင်ကို ဒါလေးကို ဘာကြောင့်ဒီမှာ တင်ထားရတာ လဲဟင်။) သူ့ အတွေးများကို ပုလဲ၏ မေးခွန်းသံက ဖြတ်တောက် ပစ်လိုက်သည်။
သူ လှည့်ကြည့်လိုက်သည်။ ပုလဲက အရုပ်တင် စင်ပေါ်မှာ တင်ထားသော၊ ကျပ်ဖြူလိမ်းရသည့် သံထည် လေယာဉ်ပျံလေးကို ညွှန်ပြကာ မေးလိုက် ခြင်း ဖြစ်သည်။

mgyee.com

(အစ်ကို လေယာဉ်မှူးလေးကလဲ အကောင်းမဟုတ်ဘူး
ကျိုးလို့လို့။ စင်ပေါ်မှာ အလှတင် ထားချင်လဲ
ပုလဲ အသစ်ဝယ်ပေးပါ့မယ်။) ကိုဖြူလောင်က
ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။





(မဟုတ်သေးဘူး ပုလဲ။ ဗိုအာရုပ်မာကျိုးလေးကို
ရွှေချထားတဲ့ လေယာဉ်ပျံကြီးနဲ့တောင် မလဲဘူး။)
ပုလဲက ထူးဆန်းသလို သူ့ကို ကြည့်လိုက်သည်။





gyoe.com


(အစ်ကိုပြောသွားတဲ့ လွမ်းစရာ အတိတ်ကလေး တခုနဲ့၊ ဒီအရုပ်ကလေးဟာ ဆက်စပ်နေသလားဟင်) ကိုပြာလောင်က ခေါင်းကို ငြိမ့်ပြ၏။
(စပ်စုတယ်လို့ မထင်ပါနဲ့၊ အစ်ကိုရယ်။ သိခွင့်ရရင် သိချင်တယ်။ ပုလဲကို ပြောမပြနိုင်ဘူးလားဟင်။)



ပြာလောင်က သူတို့ဘက်မှ ခြံစည်းရိုး ပုဏ္ဍရိပ်ပင်
များကို ဖြဲကာ တဘက်ခြံထဲသို့ လေးဘက်ထောက်
ဝင်သွားသည်။




တဘက်ခြံထဲဝယ် မြက်ခင်းပေါ် ကျနေသော သူ့
လေယာဉ်ပျံလေးကို သူနှင့်ရွယ်တူ ကောင်မလေး
တယောက်က ကောက်ယူနေသည်ကို တွေ့ရ၏။
(ဟိတ် ဟဲ့ဒါ ငါ့လေယာဉ်ပျံလေး ပြန်ပေး။ )

